# ဖက်ဒရယ်စနစ်အတွင်းရှိ
# အစိုးရအလွှာများအကြား ဆက်ဆံရေး

## ဖက်ဒရယ်မှတ်စုများ
## အပိုင်း(၃)

ဖက်ဒရယ်ပြည်ထောင်စုဝန်ကြီးဌာန

နှင့်

SFIG တို့ပူးပေါင်းစီစဉ်သည့်

အလုပ်ရုံဆွေးနွေးပွဲမှ ထုတ်နုတ်ချက်များ

# ဖက်ဒရယ်စနစ်အတွင်းရှိ အစိုးရအလွှာများအကြားဆက်ဆံရေး

## ဖက်ဒရယ်မှတ်စု အပိုင်း (၃)

ဖက်ဒရယ်ရေးရာဝန်ကြီးဌာနနှင့် SFIG တို့ ပူးပေါင်းစီစဉ်သည့်

အလုပ်ရုံဆွေးနွေးပွဲမှ ကောက်နုတ်ချက်များ

# ဖက်ဒရယ်စနစ်အတွင်းရှိ
# အစိုးရအလွှာများအကြား ဆက်ဆံရေး

## ဖက်ဒရယ်စနစ်၏ သွင်ပြင်လက္ခဏာ နှစ်ရပ်

ဖက်ဒရယ်စနစ် လည်ပတ်ပုံဒီဇိုင်းတွင် ဒင်္ဂါးပြားတစ်ခု၏ ခေါင်းနှင့်ပန်းကဲ့သို့ တည်ရှိနေသော လက္ခဏာသွင်ပြင် နှစ်ရပ်ရှိ၏။ Self-rule ဟုခေါ်သော ကိုယ်ပိုင်အုပ်ချုပ်ခြင်းနှင့် Shared-rule ဟုခေါ်သော စုပေါင်းအုပ်ချုပ်ခြင်းတို့ဖြစ်သည်။ တစ်နည်းအားဖြင့် ဆိုရသော် ဖက်ဒရယ်စနစ်သည် ကိုယ်ပိုင်အုပ်ချုပ်ခြင်းနှင့် စုပေါင်းအုပ်ချုပ်ခြင်းကို ပေါင်းစပ်ကျင့်သုံးသည့်စနစ်ပင်ဖြစ်သည်။ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်သည် အရေးပါလှ၏။ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ၏ ယဉ်ကျေးမှု၊ ဘာသာစကား၊ ဓလေ့၊ သမိုင်းကြောင်းများသည် အရေးပါလှ၏။ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်များ၏ လွတ်လပ်စွာ အုပ်ချုပ်ပိုင်ခွင့်သည် အရေးပါလှ၏။ ထို့ကြောင့် ၎င်းတို့ကို ကိုယ်ပိုင်အုပ်ချုပ်ခြင်းကို ကျင့်သုံး၍ ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များက ဆောင်ရွက်အကောင်အထည်ဖော်ကြ၏။ သို့သော် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များကို စုစည်းပေးမည့် စုပေါင်းအုပ်ချုပ်ခြင်းဖြင့် မယှဉ်တွဲခဲ့သော် ဖက်ဒရယ်စနစ်၏ အနှစ်သာရကို ရရန် ခဲယဉ်း၏။ သို့ဖြစ်သောကြောင့် ဖက်ဒရယ်စနစ်ကောင်းမွန်စွာလည်ပတ်နိုင်ရန် ဤအုပ်ချုပ်ခြင်းနှစ်မျိုးမှာ ဆတူအရေးပါလှပါသည်။ တစ်ဖက်စောင်းနင်း ဖြစ်ခဲ့သည်ရှိသော် ဖက်ဒရယ်စနစ်၏ အနှစ်သာရ ပျက်ယွင်းတတ်ပါသည်။ ၎င်းအုပ်ချုပ်ခြင်းနှစ်မျိုးကို ဟန်ချက်ညီညီကျင့်သုံးအကောင်အထည်ဖော်ရန်မှာ အထူးပင်အရေးကြီးပါသည်။

# ကိုယ်ပိုင်အုပ်ချုပ်ခြင်း

ကိုယ်ပိုင်အုပ်ချုပ်ခြင်းဟူသည် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များက ဖွဲ့စည်းပုံအခြေခံဥပဒေအရ ခွဲဝေအပ်နှင်းထားသောလုပ်ပိုင်ခွင့်အာဏာများကို ကျင့်သုံးလျက် မိမိတို့ပြည်နယ်၏ အရေးကိစ္စများကို ဆောင်ရွက်ကြခြင်းဖြစ်၏။ ထိုသို့ ဆောင်ရွက်နိုင်ရန် အောက်ဖော်ပြပါနည်းနာများဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခြင်းကို ဖော်ဆောင်ကြရသည်။

၁။ နှစ်လွှာ (သို့မဟုတ်) နှစ်လွှာထက်ပိုသော အစိုးရများကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းခြင်း

ပြည်ထောင်စုတစ်ခုလုံးကို စီမံအုပ်ချုပ်မည့် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်များကို စီမံအုပ်ချုပ်မည့် ပြည်နယ်အစိုးရများကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းရပါသည်။ ပြည်နယ်အရေအတွက်အလိုက် ပြည်နယ်အစိုးရများ အရေအတွက် ကွာခြားနိုင်ပါသည်။ ဥပမာ အမေရိကန်ပြည်ထောင်စုတွင် ပြည်နယ် (၅၀) ရှိသော်လည်း ဩစတေးလျတွင် (၆) ပြည်နယ်သာရှိသည်။ (၂၀) ရာစု နှောင်းပိုင်းမှစ၍ တတိယအလွှာအဖြစ်သော ဒေသန္တရအစိုးရကိုလည်း အသိအမှတ်ပြုလာကြသည်ကို တွေ့ရသည်။ ဂျာမနီ၊ ဘရာဇီး၊ အိန္ဒိယနှင့် တောင်အာဖရိကတို့တွင် တွေ့ရသည်။

၂။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာသော အစိုးရအလွှာများအကြား ဖွဲ့စည်းပုံအခြေခံဥပဒေအရ လုပ်ပိုင်ခွင့်အာဏာများ ခွဲဝေပေးခြင်း

ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများအကြား လုပ်ပိုင်ခွင့်အာဏာများ၊ ဘဏ္ဍာငွေအရင်းအမြစ်များလည်း ဖွဲ့စည်းပုံအခြေခံဥပဒေအရ ခွဲဝေပေးရပါသည်။ ခွဲဝေရာတွင် သီးခြားလုပ်ပိုင်ခွင့်အာဏာများအနေဖြင့်လည်းကောင်း၊ ပူးတွဲလုပ်ပိုင်ခွင့်အာဏာများအနေဖြင့်လည်းကောင်း ခွဲဝေပေးလေ့ရှိသည်။

အထက်ပါနည်းအားဖြင့် သက်ဆိုင်ရာပြည်နယ်များ၏ ကိုယ်ပိုင်အုပ်ချုပ်ခြင်းကို ဖော်ဆောင်ကြရပါသည်။

## စုပေါင်းအုပ်ချုပ်ခြင်း

စုပေါင်းအုပ်ချုပ်ခြင်း ဟူသည် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များအား တစ်စုတစ်စည်းတည်း ပေါင်းစပ်ပေးသည့်အရာဖြစ်၏။ တစ်နည်းအားဖြင့် ဆိုရသော် ပြည်ထောင်စုကြီးအား စုစုစည်းစည်း စည်းနှောင်ပေးထားသည့်အရာဖြစ်၏။ လူနည်းစုများအား ပြည်ထောင်စုသားအနေဖြင့် ခံစားရစေမည့်အရာဖြစ်၏။ ထို့ပြင် ပြည်ထောင်စုအတွင်း လူမှုသဟဇာတဖြစ်မှုနှင့် တည်ငြိမ်မှုကို အားပေးမြှင့်တင်ပေးမည့်အရာ ဖြစ်၏။

အဆိုပါ စုပေါင်းအုပ်ချုပ်ခြင်းသဘောတရားကို ပြည်ထောင်စုသားအားလုံးကို ကိုယ်စားပြုသော အောက်ပါအင်စတီကျူးရှင်းများမှတစ်ဆင့် ဖော်ဆောင်နိုင်ပါသည်။

# ၁။ ဥပဒေပြုလွှတ်တော်များ

ဖက်ဒရယ်စနစ်တွင် ပြည်ထောင်စုအဆင့်ဥပဒေပြုရေးအတွက် လွှတ်တော်နှစ်ရပ်ထားရှိလေ့ရှိကြသည်။ အောက်လွှတ်တော် (မြန်မာပြည်အခေါ် ပြည်သူ့လွှတ်တော်) နှင့် အထက်လွှတ်တော် (မြန်မာပြည်အခေါ် လူမျိုးစုလွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော်) တို့ ဖြစ်ကြသည်။

## အောက်လွှတ်တော်

အောက်လွှတ်တော်အား လူဦးရေကိုအခြေခံ၍ ရွေးကောက်ထားသော ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းလေ့ရှိပါသည်။ ကိုယ်စားလှယ်တဦး“မဲ”တစ်မဲမူဖြင့် သွားလေ့ရှိသည်။ ထိုအခြေအနေတွင် လူဦးရေနည်းပါးသော လူနည်းစုများ၏ အခန်းကဏ္ဍမှာ မှေးမှိန်သွားတတ်ပါသည်။ ဤကဲ့သို့ မဖြစ်စေရန် အချို့သော ဖက်ဒရယ်နိုင်ငံများတွင် ရွေးကောက်ပွဲတွင် နိုင်သူအကုန်ယူစနစ်အစား (First Past the Post) အချိုးကျကိုယ်စားပြုစနစ်ကို (Proportional Representation) ကျင့်သုံးကြသည်။ အချို့သော ဖက်ဒရယ်နိုင်ငံများတွင် နေရာခွဲတမ်းသတ်မှတ်ပေးခြင်းပုံစံ (researved seats) ကို ကျင့်သုံးကြသည်။ ဥပမာ နီပေါတွင် အမျိုးသမီးများအတွက်လည်းကောင်း၊ ကင်ညာတွင် မသန်စွမ်းများအတွက်လည်းကောင်း၊ အိန္ဒိယတွင် ဇာတ်နိမ့်နှင့် လူနည်းစုများအတွက်လည်းကောင်း နေရာခွဲတမ်းများ သတ်မှတ်ထားရှိသည်ကို တွေ့ရသည်။

## အထက်လွှတ်တော်

ပြည်ထောင်စုအစိုးရ ထုတ်ပြန်သော ဥပဒေနှင့် မူဝါဒများသည် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များအားလုံးသို့ လွှမ်းခြုံသက်ရောက်သည်။ ထို့ကြောင့် ပြည်ထောင်စုအဆင့် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ပြည်နယ်များ၏ အကျိုးစီးပွားကို ထင်ဟပ်နိုင်ရန် အရေးကြီးသည်။ ထိုသို့ ထင်ဟပ်နိုင်စေရန် အထက်လွှတ်တော်ကို ဖွဲ့စည်းဆောင်ရွက်ကြသည်။

အထက်လွှတ်တော်ကို ပြည်နယ်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားလေ့ရှိသည်။ အထက်လွှတ်တော်ကိုယ်စားလှယ်များ ရွေးချယ်ပုံမှာ ဖက်ဒရယ်နိုင်ငံများတွင် အနည်းငယ်ကွဲပြားပါသည်။ ဥပမာ အမေရိကန်ပြည်ထောင်စုတွင် ပြည်နယ်အရွယ်အစား ကြီးသည်ဖြစ်စေ၊ သေးသည်ဖြစ်စေ တစ်ပြည်နယ်လျှင် ကိုယ်စားလှယ်နှစ်ဦးကျစီ ရွေးကောက်တင်မြှောက်ရသည်။ ကနေဒါနှင့် ဂျာမနီနိုင်ငံများတွင် လူဦးရေကို တစ်စိတ်တစ်ပိုင်းထည့်သွင်းတွက်ချက်ပြီး ဦးရေ/ မဲအရေအတွက်ကို သတ်မှတ်ပါသည်။ ကနေဒါ၏ အထက်လွှတ်တော်ကိုယ်စားလှယ်များကို ဖက်ဒရယ်အစိုးရက ခန့်အပ်ခြင်း (သွယ်ဝိုက်၍) ဖြစ်ပြီး ဂျာမနီနိုင်ငံတွင်တော့ ပြည်နယ်အစိုးရအဖွဲ့က တိုက်ရိုက်ကိုယ်စားပြုပါဝင်သည်။

ထို့အတူ အထက်လွှတ်တော်များ၏ လုပ်ပိုင်ခွင့်အာဏာများမှာလည်း တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကွဲပြားပါသည်။ အမေရိကန်အထက်လွှတ်တော်သည် နိုင်ငံတကာဆက်ဆံရေးကိစ္စရပ်များတွင် ပိုမို၍အာဏာရှိပြီး ပြည်နယ်အကျိုးစီးပွားထက် ပါတီထောက်ခံမှုအလိုက် မဲခွဲဆောင်ရွက်ကြသည်ကများသည်။ ကနေဒါအထက်လွှတ်တော်က ဥပဒေများကို သုံးသပ်နိုင်ခွင့်ရှိသော်လည်း ဗီတိုအာဏာမရှိပေ။ ဂျာမနီအထက်လွှတ်တော်မှာ ပြည်နယ်များ၏ အကျိုးစီးပွားအပေါ် သက်ရောက်မှုရှိနိုင်မည့်ကိစ္စရပ်များကို ပူးတွဲဆုံးဖြတ်ကြသည့် သဘောရှိပါသည်။

အထက်ပါ ဥပမာများကို ထောက်ရှုခြင်းအားဖြင့် ပြည်နယ်များ၏ အကျိုးစီးပွားကို ကိုယ်စားပြုမည့် အထက်လွှတ်တော်ဖွဲ့စည်းရုံမျှဖြင့် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များအား ပြည်ထောင်စုအတွင်း စုစည်းနိုင်ရန် မလုံလောက်သေးကြောင်း မှန်းဆနိုင်ပါသည်။ ထို့ကြောင့် အောက်တွင်ဖော်ပြထားသော နည်းနာများကိုလည်း ဖော်ဆောင်ကျင့်သုံးကြရပါသေးသည်။

# ၂။ နိုင်ငံတော်အကြီးအကဲများ

အချို့သော ဖက်ဒရယ်နိုင်ငံများတွင် နိုင်ငံတော်အကြီးအကဲများ ခန့်အပ်ရွေးချယ်ရာတွင်လည်း ပြည်ထောင်စုတစ်ဝှမ်းလုံးကို ကိုယ်စားပြုရာရောက်စေရန် အစီအမံများ ထားရှိကြသည်။ ဥပမာအားဖြင့် နီပေါနိုင်ငံတွင် ဒုသမ္မတဖြစ်သူသည် သမ္မတနှင့် လူမျိုးမတူသူ၊ ဂျဲန်ဒါမတူသူ ဖြစ်ရပါသည်။ အမေရိကန်ပြည်ထောင်စုတွင် ဒုသမ္မတသည် သမ္မတနှင့် တစ်ပြည်နယ်သားတည်း မဖြစ်ရပါ။ သမ္မတကို တိုက်ရိုက်ရွေးကောက်တင်မြှောက်ရသော နိုင်ဂျီးရီးယားနိုင်ငံတွင် ၃၆ ပြည်နယ်အနက်၊ အနည်းဆုံး ၂၆ ပြည်နယ်တွင် မဲရလဒ် ၂၅ ရာခိုင်နှုန်းနှင့်အထက် ရရှိသူကိုသာ သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ပါသည်။

# ၃။ နိုင်ငံတော်အစိုးရအဖွဲ့

ဖက်ဒရယ်အစိုးရ ဖွဲ့စည်းရာတွင်လည်း အားလုံးကို ကိုယ်စားပြုနိုင်ရန် ကြိုးပမ်းကြလေ့ ရှိသည်။ ဥပမာ နိုင်ဂျီးရီးယားနိုင်ငံတွင် သမ္မတက အစိုးရဖွဲ့သည့်အခါ ပြည်နယ်တစ်ခုစီမှ တစ်ဦးစီကို အစိုးရအဖွဲ့တွင် ခန့်အပ်ရမည်ဟု ဖွဲ့စည်းပုံက သတ်မှတ်ထားပါသည်။ အချို့ဖက်ဒရယ် နိုင်ငံများ၏ ဖက်ဒရယ်အစိုးရအဖွဲ့ကို လေ့လာကြည့်ပါကလည်း မတူကွဲပြားမှုကို ကိုယ်စားပြုနိုင်ရန် ကြိုးပမ်းကြလေ့ ရှိသည်ကို တွေ့ရပါသည်။ ဥပမာ – ကနေဒါအစိုးရအဖွဲ့။

# ၄။ အစိုးရဝန်ထမ်းအဖွဲ့အစည်း

ဖက်ဒရယ်နိုင်ငံများမှာ အရွယ်အစားအားဖြင့် ကြီးမားလေ့ ရှိကြသည်။ အရွယ်အစား မကြီးမားလျှင်သော်မှ မတူကွဲပြားမှုများ ရှိနေတတ်ပါသည်။ ထိုကြောင့် ပြည်ထောင်စု တစ်ဝှမ်းလုံးကို ထိထိရောက်ရောက် စီမံအုပ်ချုပ်နိုင်ရန်အတွက် အစိုးရဝန်ထမ်းများစွာ ခန့်အပ်ရပါသည်။ ထိုကဲ့သို့ ခန့်အပ်ရာတွင်လည်း မတူကွဲပြားမှုများ၊ ပြည်ထောင်စုအဖွဲ့ ဝင်ပြည်နယ်များကို ကိုယ်စားပြုရန် အလွန်အရေးကြီးပါသည်။

အစိုးရဝန်ထမ်းအဖွဲ့အစည်းများတွင် လူမျိုးတစ်မျိုး၊ လူအုပ်စုတစ်စုကသာ လွှမ်းမိုး နေသည်ဟု ခံစားရလျှင် ပြည်ထောင်စုနှင့် ကင်းကွာစေနိုင်သည်။ ခွဲထွက်ရေးကိုပင် ဦးတည်စေနိုင်၏။ ဝန်ထမ်းအဖွဲ့အစည်းများတွင် မိမိပြည်နယ်သားများ ပါဝင်ကြပါက ပြည်ထောင်စုသားအနေဖြင့် ခံစားရစေနိုင်သည်။ ဝန်ထမ်းအဖွဲ့အစည်းဟု ဆိုရာတွင် လက်နက်ကိုင်ဆောင်ခွင့်ရှိသည့် စစ်တပ် နှင့် ရဲတပ်ဖွဲ့ အပါအဝင်ဖြစ်၏။ နိုင်ဂျီးရီးယား၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြည်ထောင်စုအား စီမံခန့်ခွဲရာတွင် ပြည်နယ်တချို့၊ လူမျိုး တချို့နှင့် လူတစ်စုမှ လွှမ်းမိုးခြင်း မရှိစေရဟု ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရသည်။

# ၅။ နိုင်ငံတော်အဆင့် အင်စတီကျူးရှင်းများ

တရားစီရင်ရေးကဏ္ဍတွင် တရားသူကြီးများ ခန့်အပ်တာဝန်ပေးအပ်ရာတွင်လည်း လုပ်ရည်ကိုင်ရည်နှင့် အရည်အသွေးအပြင် ကိုယ်စားပြုမှုကိုသာ ထည့်သွင်းစဉ်းစားရပါ သည်။ ထို့အတူ အခြားသောနိုင်ငံတော်အဆင့် အင်စတီကျူးရှင်းများ ဖြစ်သည့် ရွေးကောက် ပွဲကော်မရှင်၊ ဘဏ္ဍာရေးကော်မရှင် စသည်တို့ ဖွဲ့စည်းရာတွင်လည်း ကိုယ်စားပြုမှုကို ထည့်သွင်းစဉ်းစားရပါသည်။

အထက်ဖော်ပြပါ နည်းနာများဖြင့် ပြည်ထောင်စုအဖွဲ့ဝင်ပြည်နယ်များ၏ ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့်ကို ဖော်ဆောင်ပေးမည့် ကိုယ်ပိုင်အုပ်ချုပ်ခြင်းကို လည်းကောင်း၊ ပြည်ထောင်စုကြီးကို စည်းနှောင်ပေးမည့် စုပေါင်းအုပ်ချုပ်ခြင်းကိုလည်းကောင်း ဆောင်ရွက်ကြရပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ၎င်းအုပ်ချုပ်ခြင်းနှစ်မျိုးကို ဟန်ချက်ညီညီ ကျင့်သုံးနိုင်မှသာ အားလုံးပါဝင်သော ပြည်ထောင်စု၊ အားလုံးပါဝင်သော နိုင်ငံရေးစနစ်ကို ဦးတည်နိုင်မည်ဖြစ်သည်။

## အစိုးရအလွှာများကြား ဆက်ဆံရေး

အထက်တွင် ရှင်းလင်းတင်ပြခဲ့သော ဖက်ဒရယ်စနစ်၏ အခင်းအကျင်းများကို ထောက်ရှုခြင်းအားဖြင့် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရများအကြား ဆက်ဆံရေး မည်မျှအရေးပါကြောင်း ထင်ရှားပါသည်။ စုပေါင်းအုပ်ချုပ်ခြင်းကို ဦးစားပေးဖော်ပြရသည့် အကြောင်းအရင်းမှာ ပြည်ထောင်စုပေါ်ပေါက်လာရသည့် အခြေခံအချက်ကို ဖော်ပြလိုသောကြောင့် ဖြစ်သည့်အပြင် စုပေါင်းအုပ်ချုပ်ခြင်း နှင့် ကိုယ်ပိုင်အုပ်ချုပ်ခြင်းတို့သည် တစ်ခုနှင့်တစ်ခု အပြန်အလှန် အထောက်အကူပြုနေသည်ကို ပေါ်လွင်စေလို၍ ဖြစ်သည်။

အစိုးရအလွှာများအကြား ဆက်ဆံရေးဟူသည် အလွန်ကျယ်ပြန့်သော ဘာသာရပ်တစ်ခုဖြစ်ပြီး အစိုးရများအကြား ဒေါင်လိုက်ဆက်ဆံရေးနှင့် အလျားလိုက်ဆက်ဆံရေးနှစ်ခုစလုံးကို ရည်ညွှန်းပါသည်။ ဒေါင်လိုက်ဆက်ဆံရေး သို့မဟုတ် အထက်အောက်ဆက်ဆံရေး (hierarchial) ဟုဆိုရာတွင် ပြည်ထောင်စုနှင့် ပြည်နယ်များအကြား ဆက်ဆံရေးကို ရည်ညွှန်းပြီး၊ အလျားလိုက်ဆက်ဆံရေး သို့မဟုတ် ရည်တူဆက်ဆံရေး (equal-itarian) တွင် ပြည်ထောင်စုနှင့် ပြည်နယ်များအကြားရှိ တန်းတူဆက်ဆံခြင်း၊ ပြည်နယ်အချင်းချင်းအကြား တန်းတူဆက်ဆံခြင်းများကို ရည်ညွှန်းသည်။

## ကြီးကြပ်ထိန်းကျောင်းမှုသဘောဆောင်သည့် ပုံစံ

ဒေါင်လိုက်ဆက်ဆံရေး သို့မဟုတ် အထက်အောက်ဆက်ဆံရေးပုံစံသည် အထက်အလွှာအစိုးရက အောက်အလွှာအစိုးရအား ကြီးကြပ်ထိန်းကျောင်းသည့် သဘောဆောင်ပါသည်။ အဆိုပါပုံစံကို ဖွဲ့စည်းပုံအခြေခံဥပဒေထဲတွင် ထည့်သွင်း၍ ဖော်ပြနိုင်သကဲ့သို့ ဖက်ဒရယ်အစိုးရက ကန့်သတ်ချက်နှင့် လွှဲပြောင်းငွေများမှတစ်ဆင့် အလွတ်သဘောဆောင်ရွက်ခြင်းမျိုးလည်း ရှိနိုင်သည်။ ပြည်ထောင်စုအစိုးရထံတွင် ကြီးကြပ်ထိန်းကျောင်းခွင့်ကို အပ်နှင်းထားပါက ဖက်ဒရယ်စနစ်၏ အဓိက အင်္ဂါရပ်ဖြစ်သော ပြည်နယ်များ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ထိခိုက်မှုရှိမည်လားဟူသည့် မေးခွန်းကို ဤစနစ်တွင် သုံးသပ်စရာရှိပါသည်။

## ရည်ရွယ်ချက်

တစ်ခါတစ်ရံ ပြည်နယ်အစိုးရများတွင် စွမ်းဆောင်ရည်၊ အရင်းအမြစ်နှင့် ကျွမ်းကျင်မှုများ အားနည်းနေတတ်ပါသည်။ အထူးသဖြင့် ဖက်ဒရယ်စနစ်ကျင့်သုံးခါစ တိုင်းပြည်အများစုတွင် ဤပြဿနာမျိုး ကြုံရပါသည်။ ထို့အပြင် နိုင်ငံရေးတည်ငြိမ်မှု လိုအပ်နေသေးခြင်းနှင့် အကျင့်ပျက်ချစားမှုများလည်း ရှိတတ်ခြင်းကြောင့် ကြီးကြပ်ထိန်းကျောင်းခြင်းစနစ်ကို လိုအပ်သည်ဟု ရှုမြင်သူများရှိကြသည်။ သို့သော် ကြီးကြပ်ထိန်းကျောင်းခြင်းစနစ်ကို နိုင်ငံရေးအရ အသုံးချမှုရှိနိုင်သည်ကိုလည်း သတိပြုသင့်သည်။

## နည်းနာများ

ကြီးကြပ်ထိန်းကျောင်းခြင်းစနစ်ကို ကျင့်သုံးရာတွင် အောက်ပါနည်းလမ်းများဖြင့် ကျင့်သုံးဆောင်ရွက်လေ့ရှိကြသည်။

## (က) ကြီးကြပ်ထိန်းသိမ်းခြင်း

သက်ဆိုင်ရာကဏ္ဍတွင် ပြည်ထောင်စုအစိုးရက ဥပဒေများပြဋ္ဌာန်း၍ မူဘောင်ချမှတ်ပေးခြင်းဖြင့် ကြီးကြပ်လေ့ရှိသည်။ ပြည်နယ်များက ထိုမူဘောင်အောက်မှနေ၍ နည်းဥပဒေများ ရေးဆွဲပြဋ္ဌာန်းရသည်။ ရည်ရွယ်ချက်မှာ အဆိုပါကဏ္ဍတွင် ပြည်ထောင်စုတဝှမ်းလုံး မူဘောင်အားဖြင့် တစ်ပြေးညီဖြစ်စေရန် ဖြစ်သည်။ သို့သော် အလွန်အမင်း ကြီးကြပ်ထိန်းသိမ်းခြင်းသို့ မရောက်အောင် အထူးသတိပြုရပါသည်။

## (ခ) စောင့်ကြည့်သုံးသပ်ခြင်း

စောင့်ကြည့်သုံးသပ်ခြင်းတွင် ပြည်နယ်အစိုးရများ၏ စွမ်းဆောင်ရည်မှတ်တမ်းများကို ပုံမှန်ကောက်ခံပြီး သုံးသပ်ခြင်းများ ပြုလုပ်ပါသည်။ စောင့်ကြည့်သုံးသပ်ခြင်း၏ အဓိကရည်ရွယ်ချက်မှာ ပြည်နယ်များ၏ လိုအပ်ချက်များကို ထောက်ပံ့ပေးရန် ဖြစ်သည်။ ထိုသို့ထောက်ပံ့နိုင်ရန် ပြည်နယ်များက ပြည်ထောင်စုနှင့် ပူပေါင်းဆောင်ရွက်ရန်လိုအပ်သည်။

## (ဂ) လိုအပ်သော အထောက်အပံ့များ ပေးအပ်ခြင်း

စောင့်ကြည့်သုံးသပ်ခြင်းမှ ရရှိလာသော အချက်အလက်များကို အခြေခံ၍ ပြည်ထောင်စုမှ ထောက်ပံ့ရမည့်ကဏ္ဍများကို ဆန်းစစ်ပါသည်။ ပြည်နယ်အစိုးရများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် လိုအပ်သည့် ဘဏ္ဍာငွေအထောက်အပံ့၊ နည်းပညာအထောက်အပံ့၊ မူဝါဒဆိုင်ရာ အထောက်အပံ့များကို ပြည်ထောင်စုအစိုးရက ဖြည့်ဆည်းပေးသည်။ ပြည်ထောင်စုအစိုးရက အထောက်အပံ့ပေးရာတွင် ဘဏ္ဍာငွေသာမက တစ်ခါတစ်ရံ စွမ်းရည်မြှင့် သင်တန်းတို့လည်း ပါဝင်လေ့ရှိသည်။

## (ဃ) ကြားဝင်ဆောင်ရွက်ခြင်း

ပြည်နယ်များအနေဖြင့် ဖွဲ့စည်းပုံအရ အပ်နှင်းထားသော တာဝန်များကို ထမ်းဆောင်ရာတွင် ထိရောက်မှုမရှိခြင်း၊ ကျွမ်းကျင်မှုမရှိခြင်း၊ ဥပဒေနှင့်အညီလိုက်နာမှု မရှိခြင်း စသည့်အခြေအနေများတွင် ပြည်ထောင်စုက ကြားဝင်ဆောင်ရွက်ရသည်များ ရှိပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် လမ်းညွှန်ချက်များ ထုတ်ပြန်ခြင်းဖြင့်လည်းကောင်း၊ လုပ်ပိုင်ခွင့်များ လွှဲပြောင်းရယူခြင်းဖြင့်လည်းကောင်း၊ လွှတ်တော်ကို ဖျက်သိမ်းခြင်းဖြင့်လည်းကောင်း စသည့်နည်းလမ်းများကို အသုံးပြုကြသည်။

ကြီးကြပ်ထိန်းကျောင်းသည့် စနစ်သည် လိုအပ်သည်၊ အရေးပါသည် မှန်သော်လည်း နိုင်ငံရေးအရ အသုံးချခံမဖြစ်စေရန် လိုအပ်သော အကာအကွယ်များလည်း ရှိရပါသည်။ ဥပမာအားဖြင့် တရားရုံးများမှတစ်ဆင့် ပြည်နယ်များ၏ ကိုယ်ပိုင်အုပ်ချုပ်ပိုင်ခွင့်နှင့် လုပ်ပိုင်ခွင့်များကို ထိခိုက်မှုမရှိစေရန် ကာကွယ်ခြင်း၊ သီးခြားလွတ်လပ်သော အစုအဖွဲ့မှ အစိုးရအုပ်ချုပ်ရေးကို ပြန်လှန်ထိန်းကျောင်းခြင်းများ ပြုလုပ်နိုင်ပါသည်။

## ပူးပေါင်းဆောင်ရွက်သည့် သဘောဆောင်သည့် ပုံစံ

အလျားလိုက်ဆက်ဆံရေး သို့မဟုတ် ရည်တူဆက်ဆံရေး (equalitarian) တွင် ပြည်ထောင်စုနှင့် ပြည်နယ်များကို တန်းတူသတ်မှတ်ပြီး ပူးပေါင်းဆောင်ရွက်သည့် သဘောဆောင်ပါသည်။ ပူးပေါင်းဆောင်ရွက်ရာတွင် ပြည်နယ်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသော အထက်လွှတ်တော်တွင်လည်းကောင်း၊ ပြည်ထောင်စုနှင့် ပြည်နယ် အဆင့်အသီးသီးရှိ အုပ်ချုပ်ရေးအင်စတီကျူးရှင်း အချင်းချင်းကြားတွင်သော်လည်း ကောင်း ဖော်ဆောင်ကြခြင်း ဖြစ်သည်။

## ရည်ရွယ်ချက်

ဖက်ဒရယ်စနစ်တွင် ဖွဲ့စည်းပုံအရ လုပ်ပိုင်ခွင့်အပ်နှင်းထားသော သက်ဆိုင်ရာကဏ္ဍ များတွင် အစိုးရအလွှာများက သီးခြားစီ လွတ်လပ်စွာ ဆောင်ရွက်နိုင်ကြသလို (independence) အချင်းချင်းအမှီသဟဲပြု၍ ပူးပေါင်းဆောင်ရွက်ကြရမည့် ကဏ္ဍများစွာလည်း (interdependence) ရှိပါသေးသည်။ ထို့ကြောင့် အစိုးရအချင်းချင်းကြား ပူးပေါင်း ဆောင်ရွက်သည့် သဘောဆောင်သော ဆက်ဆံရေးပုံစံမှာလည်း ဖက်ဒရယ်နိုင်ငံတစ်ခု တွင် မရှိမဖြစ် လိုအပ်သည့် ဆက်ဆံရေးပုံစံ ဖြစ်ပါသည်။

## နည်းနာများ

တောင်အာဖရိက ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အဆင့်ဆင့်သော အစိုးရများသည် အပြန်အလှန် ယုံကြည်မှုနှင့် ကောင်းကျိုးကို မျှော်ရည်၍ ပူးပေါင်းဆောင်ရွက်ရမည်ဟု ပြဋ္ဌာန်းထားသည်။ ထိုကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုရှိသည့် အစိုးရအဆင့်ဆင့် ပေါ်ပေါက်လာရန်အတွက် လိုက်နာရမည့် မူ (၆) ရပ်ကိုလည်း ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖော်ပြထားသည်။ အဆိုပါမူများမှာ အောက်ပါအတိုင်းဖြစ်သည်။

### (၁) ကောင်းမွန်သောဆက်ဆံရေး တည်ဆောက်ရန်

ကောင်းမွန်သော ဆက်ဆံရေးကို တည်ဆောက်ရာတွင် စိတ်အခံကောင်းဖြင့် တည်ဆောက်ရန် လိုအပ်သည်။ ပုံမှန်တွေ့ဆုံမှုများ ပြုလုပ်ရပြီး၊ အပြောအဆို၊ အရေးအသား အသုံးအနှုန်းများကအစ ဂရုပြုရပါသည်။ မတူကွဲပြားသည့် အမြင်သဘောထားများ ရှိသည့်တိုင် ဆက်လက်၍ မည်သို့ ပူးပေါင်းဆောင်ရွက်နိုင်မည်နည်းဆိုသည်ကို အရင်းခံထား၍ အထပ်ထပ် ဆွေးနွေးညှိနှိုင်းကာ ကောင်းမွန်သော ဆက်ဆံရေးကို တည်ဆောက်ရပါသည်။

### (၂) အစိုးရများအကြား အပြန်အလှန် ကူညီထောက်ပံ့ရန်

အစိုးရအချင်းချင်း အကူအညီပေးရာတွင် သဘောထားတိုက်ဆိုင်မှု၊ ဆက်ဆံရေး အဆင်ပြေမှု ကူညီထောက်ပံ့ခြင်း မဟုတ်မူဘဲ ဝတ္တရားတစ်ခုအဖြစ် သတ်မှတ်၍ ကူညီရန် လိုအပ်ပါသည်။ ပြည်ထောင်စုအနေဖြင့် ပြည်နယ်များအား မည်သို့ကူညီမည်၊ ပြည်နယ်အချင်းချင်း မည်သို့ကူညီမည်၊ ပြည်နယ်များက ပြည်ထောင်စုကို မည်သို့ကူညီမည် ဟူ၍ စဉ်းစားကြရပါသည်။ တစ်လမ်းသွားမဟုတ်ဘဲ အပြန်အလှန်သဘောကို ဆောင်ရပါသည်။

## (၃) ဘုံအကျိုးစီးပွားနှင့်ပတ်သက်၍ သတင်းအချက်အလက်များ မျှဝေရန်နှင့် အချင်းချင်းတိုင်ပင်ညှိနှိုင်းရန်

မိမိက အကောင်အထည်ဖော်မည့် ကဏ္ဍရပ်များနှင့် ပတ်သက်၍ အခြား အစိုးရများကို အသိပေးအကြောင်းကြားရန် လိုအပ်သည်။ အကြောင်းမှုကား မိမိပြည်နယ်အတွင်း အကောင်အထည် ဖော်ဆောင်မှုက အခြားပြည်နယ် တစ်ခုခုကို ထိခိုက်နိုင်ခြေရှိခြင်းကြောင့် ဖြစ်သည်။ အခြားအစိုးရများ၏ အကြံပြုမှု၊ တုန့်ပြန်မှုများကို အပြုသဘောဖြင့် မှတ်ယူရန် လိုအပ်သည်။

## (၄) ဥပဒေပြုရာတွင် ပူးပေါင်းဆောင်ရွက်ရန်နှင့် နှီးနှောတိုင်ပင်မှုများပြုလုပ်ရန်

နှီးနှောတိုင်ပင်မှုများ ပြုလုပ်ခြင်းသည် တိုက်ရိုက် တွေ့ဆုံတိုင်ပင်ခြင်း ဖြစ်သည့်အတွက် လွန်စွာအရေးကြီးပါသည်။ ဖိတ်ကြားမှုများကို စေ့စပ်သေချာစွာ ဆောင်ရွက်ရသည်။ အမြင်အသီးသီးကို ဖလှယ်ရန်အတွက် လုံလောက်သည့် အချိန်၊ အခင်းအကျင်းများကို ဖန်တီးပေးရမည်။ အစိုးရအဖွဲ့များအကြား ပုံမှန်တရားဝင်တွေ့ဆုံမှုများမှ တစ်ဆင့်လည်း ဆောင်ရွက်နိုင်သည်။ ဩစတေးလျတွင် ဩစတေးလျအစိုးရများကောင်စီ (Council of Australian Governments) ကို ဖွဲ့စည်း၍ ဆောင်ရွက်ကြသည်။ တောင်အာဖရိကတွင် ပေါင်းစပ်ညှိနှိုင်းရေးကောင်စီ (Co-ordinating Council) ကို ဖွဲ့စည်း၍ ဆောင်ရွက်ကြသည်။ အဆိုပါကောင်စီတွင် ပြည်နယ်အကြီးအကဲများနှင့် ပြည်ထောင်စုသမ္မတကိုယ်တိုင်ပါဝင် တက်ရောက်ကြရသည်။ နှီးနှောတိုင်ပင်မှုများ ပြုလုပ်ခြင်းသည် ဆုံးဖြတ်ချက်ချမှတ်ခြင်း မဟုတ်ဘဲ အမြင်သဘောထားများကို လွတ်လပ်စွာ ဖလှယ်နိုင်ရန်ဖြစ်သည်။ ထို့နောက်တွင်မှ ဆုံးဖြတ်ချက်များကို ချမှတ်ခြင်း ဖြစ်သည်။

## (၅) သဘောတူညီထားသည့် လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်ရန်

သဘောတူညီချက်များ ရယူရာတွင် ဘုံသဘောတူညီချက် (Consensus) ဖြင့် ရယူရမည်။ သဘောတူညီချက်များကို သက်ဆိုင်ရာအစိုးရအဖွဲ့များက အကောင်အထည်ဖော်ရမည်။ ပူးပေါင်းအစီအစဉ်များ ဖော်ဆောင်ခြင်း၊ ပူးတွဲဝန်ဆောင်မှု စင်တာများ ဖွင့်လှစ်ခြင်း၊ ပူးတွဲအခြေခံအဆောက်အဦးများ တည်ဆောက်ခြင်း၊ ပူးတွဲဘဏ္ဍာငွေများ အသုံးပြုခြင်း နည်းလမ်းများဖြင့် ပူးပေါင်းဆောင်ရွက်သည့် နိုင်ငံရေးယဉ်ကျေးမှုကို ဖော်ဆောင်လေ့ရှိကြသည်။

## (၆) အစိုးရတစ်ခုနှင့် အခြားတစ်ခုအကြား တရားစွဲဆိုမှုကို ရှောင်ကြဉ်ရန်

ပူးပေါင်းဆောင်ရွက်သည့်စနစ်၏ ရည်ရွယ်ချက်သည် ရေရှည်တည်တံ့သော ဆက်ဆံရေးကို တည်ဆောက်ရန်အတွက်ဖြစ်သည်။ အစိုးရများအကြား တရားစွဲဆိုမှုများကို ရှောင်ကြဉ်ခြင်းဖြင့် အပြန်အလှန် ယုံကြည်မှုကို တည်ဆောက်နိုင်သည်။ လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုမြန်ဆန်ပြီး ကုန်ကျစရိတ်လည်း သက်သာသည်။

ဤသည်တို့မှာ တောင်အာဖရိကနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဆောင်ရွက်အကောင်အထည်ဖော်သည့် အစိုးရအချင်းချင်းကြား ပူးပေါင်းဆောင်ရွက်မှု သာဓက ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရလျှင် ဖက်ဒရယ်စနစ်သည် ကိုယ်ပိုင်အုပ်ချုပ်ခြင်းနှင့် စုပေါင်းအုပ်ချုပ်ခြင်းတို့ကို ပေါင်းစပ်ထားသည့် စနစ်ဖြစ်သည့်အတွက် ၎င်းအုပ်ချုပ်ခြင်းပုံစံ နှစ်မျိုးစလုံးကို ဟန်ချက်ညီညီ၊ ပီပီပြင်ပြင်၊ ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်မှသာ ဖက်ဒရယ်စနစ်၏ အနှစ်သာရကို ခံစားနိုင်ကြမည်ဖြစ်ပြီး အားလုံးပါဝင်သော ပြည်ထောင်စု၊ အားလုံးပါဝင်သော နိုင်ငံရေးစနစ်ကို တည်ဆောက်နိုင်မည်ဖြစ်သည်။ ထို ဘုံရည်မှန်းချက်ကို မျှော်ရည်၍ ဖော်ပြထားသော အင်စတီကျူးရှင်းများ၊ လုပ်ထုံးလုပ်နည်းများ၊ နည်းနာများကို ကြီးစွာသော နိုင်ငံရေးအမြော်အမြင်ဖြင့် တည်ဆောက်ကြရပါမည်။

# ဖက်ဒရယ်စနစ်အတွင်းရှိ
# အစိုးရအလွှာများအကြားဆက်ဆံရေး

## ဖက်ဒရယ်မှတ်စုများ
## အပိုင်း(၃)